# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# ၂၆ ရက်မြောက်နေ့ အစီအစဉ်

# [ ၈-၇-၂၀၁၄ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုးသိမ်း၊ ကလေး၀ မဲဆန္ဒနယ်၏ **သယံဇာတထွက်ရှိရာ ဒေသ၊ မြို့နယ်များ ဖွံ့ဖြိုးရေးအတွက် အစိုးရမှ သယံဇာတများအား ထုတ်ယူခွင့်ပြုထားသော ကုမ္ပဏီများနှင့် မည်ကဲ့သို့ညှိနှိုင်း ပေးမည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအေး၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်မြို့ရှိ ပြည်သူများ ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မည်သည့် အစီအစမံများ ရှိသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကြည်သာ၊ ဂွ မဲဆန္ဒနယ်၏ **အမ်းမြို့ရှိ ၁၀ မဂ္ဂါဝပ် ရေအားလျှပ်စစ် စီမံကိန်းအား ၂ မဂ္ဂါဝပ်ခန့်အထိ လျှော့ပြီး Low-Head Dam Scheme အနေဖြင့် အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၏ **အဆိပ်ရှိ ပိုးသတ်ဆေးများ ဖော်စပ်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းများ အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် သီးသန့် စက်မှုဇုန်တစ်ခု သတ်မှတ်ထူထောင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်မိမြင့်သန်း၊ ရေး မဲဆန္ဒနယ်၏ **ရော်ဘာစိုက်တောင်သူများအတွက် ထောက်ပံ့ငွေများ ပေးရန်နှင့် ရော်ဘာဈေးကွက် တည်ငြိမ်ရန် နိုင်ငံတော်အစိုးရက အနိမ့်ဆုံးဈေးနှုန်း သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်ရွှေ၊ ဝေါ မဲဆန္ဒနယ်၏ **ကင်ဆာဝေဒနာရှင်များ ဓာတ်ကင် ရောင်ခြည်ဖြင့် ကုသမှုခံယူခြင်းနှင့် ပတ်သက်၍ ပိုမိုထိရောက်စွာ ကုသနိုင်ရေးအတွက် မည်သို့ ဆောင်ရွက်နေသည်ကို သိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **ပင်လုံဒေသ၊ ကောင်းငို ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ ဆောက်လုပ်ပေးရန်၊ မိုင်းပွန်တိုက်နယ်ဆေးရုံအား အုတ်တံတိုင်း ကာရံပေးရန်နှင့် လှိုင်လင်မြို့ရှိ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသည့် အထူးကုဆရာဝန်ကြီးများ၊ လက်ထောက် ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများ ခန့်အပ်တာဝန် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးစောဂျိမ်း၊ အိမ်မဲ မဲဆန္ဒနယ်၏ **အိမ်မဲမြို့နယ်၊ သရက်ကုန်း တိုက်နယ်ဆေးရုံအား စံကိုက်ဖွဲ့စည်းပုံအသစ် ရရှိရေး ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ၂၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၇ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။